


# ဇိုဂမ် ပဋိညာဉ်

**ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ**

**ဇိုမီး တော်လှန်ရေး တပ်မတော် (အရှေ့ပိုင်းတိုင်း)**

**၂၀၂၁ခုနှစ်၊ စက်တင်ဘာလ၊ (၁၈)ရက်**

# ဇိုဂမ် ပဋ္ဌိညာဉ်

## မာတိကာ

ဇိုဂမ် ကြေငြာစာတမ်း

အခန်း - တစ်။ ။နိဒါန်း

အခန်း - နှစ်။ ။ရည်ရွယ်ချက်

အခန်း - သုံး။ ။ပဋ္ဌိညာဉ် ပြဋ္ဌာန်းခြင်း

အခန်း - လေး။ ။ဖွဲ့စည်း တည်ဆောက်ပုံ

အခန်း - ငါး။ ။လုပ်ငန်းစဉ် လမ်းပြမြေပုံ

အခန်း - ခြောက်။ ။ကာကွယ်ရေး

အခန်း - ခုနှစ်။ ။ဘဏ္ဍာရေး

အခန်း - ရှစ်။ ။တာဝန်ခံမှု နှင့် တာဝန်ဝတ္တရား

အခန်း - ကိုး။ ။ပြင်ဆင်ချက် နှင့် အထွေထွေ ပြဋ္ဌာန်းချက်များ

အခန်း - တစ်ဆယ်။ ။နိဂုံးချုပ် ကတိပြုခြင်း

# ဇိုဂမ် ကြေငြာစာတမ်း

**လူမျိုးတကာတို့နှင့် လူသားထု တစ်ရပ်လုံး ကြားသိစေရန် ဇိုမီး လူမျိုးများ၏ အနာဂတ် အရေးနှင့် စပ်ဆိုင်သည့် အရေးကိစ္စ အပေါင်းတို့အား ဇိုမီး အမျိုးသားထု ကိုယ်စား အောက်ပါအတိုင်း ကြေငြာ လိုက်သည်။**

၁။ ဤ ကြေငြာစာတမ်းသည် ဇိုဂမ်နှင့် ဇိုမီး တိုင်းရင်းသား တို့နှင့် သက်ဆိုင်သည့် အခြေခံ နိုင်ငံရေး အခွင့်အရေးနှင့် တာဝန်များ၊ ဘိုးဘွားပိုင် ဘူမိနက်သာန် နယ်မြေနှင့် မြေယာ ပိုင်ဆိုင်ခွင့်၊ အခြေခံစံနှုန်း တန်ဖိုးများနှင့် အညီ ခေါင်းဆောင်မှု အားလုံးတို့ အကျုံးဝင်သည့် ဇိုဂမ် ပဋိညာဉ်ကို ရေးဆွဲ ထုတ်ပြန်ခြင်း ဖြစ်သည်။ ဇိုဂမ် ပဋိညာဉ် သည် ဇိုဂမ်တွင် ဇိုမီး လူမျိုးတို့၏ မွေးရာပါ အခွင့်အရေးများ ဖြစ်သော လွတ်လပ်စွာ ရှင်သန်မှု၊ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးနိုင်မှု၊ တရားမျှတမှုနှင့် တန်းတူမှု စသည်တို့ အပြင် အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းပါ စံချိန်စံညွှန်း တို့အား လိုက်နာရေး စသည့် အရေးအရာ အားလုံး အပေါ် လွှမ်းခြုံသက်ရောက်သည်။

၂။ "ဇိုဂမ်" ဟုခေါ်ဆိုသော ဇိုမီး တိုင်းရင်းသားတို့၏ ဘိုးဘွားပိုင်နက် နယ်မြေဟု ဆိုရာတွင် ဇိုမီး လူမျိုးတို့၏ ရှေးယခင် ဘိုးဘေး ဘေဘင် အစဉ်အဆက် မှီတင်းနေထိုင်ခဲ့ရာ တဆက်စပ်တည်း ရှိသော ပထဝီ နယ်မြေဒေသ များအား ဆိုလိုသည်။ မြန်မာပြည် နယ်နိမိတ် အတွင်းတွင် အရှေ့ဖက်လားသော် ချင်းတွင်းမြစ်၊ အနောက်ဖက်လားသော် အိန္ဒိယနိုင်ငံ နယ်နိမိတ်မျဉ်း၊ မြောက်ဖက်လားသော် အိန္ဒိယနိုင်ငံ နယ်နိမိတ်မျဉ်း၊ တောင်ဖက်လားသော် လိုင်မီး လူမျိုးတို့နှင့် နယ်နိမိတ် တစ်လျှောက်ရှိ ဇိုမီး တိုင်းရင်းသား မျိုးနွယ်စုတို့၏ နေထိုင်ရာ နယ်မြေဒေသများနှင့် ကဘော်ချိုင့်ဝှမ်းဒေသ တောင်ဘက်ခြမ်းအဆုံး မဏိပူရ်မြစ်တလျှောက် နေရာဒေသ တပြင်လုံးအား လွှမ်းခြုံသည်။

၃။ "ဇိုမီး" ဆိုသည်မှာ အထက်ပါ ဇိုဂမ်ဟု သတ်မှတ်သည့် နယ်မြေဒေသများကို ပိုင်ဆိုင်ခဲ့သော လူမျိုး၊ ယင်းနယ်မြေပေါ်တွင် ရှေးယခင် ကတည်းက မှီတင်းနေထိုင် ခဲ့ကြသော လူမျိုး၊ ဘိုးဘေးဘေဘင် ခေတ်မှသည် မျိုးရိုးဗီဇအရ လည်းကောင်း ညီနောင်ရင်းချာ လူမျိုး တမျိုးတည်းအဖြစ် ဆင်းသက်လာပြီး၊ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည့်၊ မိမိကိုယ်ကို မိမိ ဇိုမီး လူမျိုးဟု ခေါ်ဆို သတ်မှတ်သော လူမျိုးများ၏ တိုင်းရင်းသား အမည်နာမ ဖြစ်သည်။

၄။ ဇိုဂမ်သည် ၁၉၄၇ခုနှစ် ပင်လုံ စာချုပ်နှင့်အညီ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်၊ အာဏာ ခွဲဝေ ကျင့်သုံးခွင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ ရပိုင်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပါအဝင် တစ်ခြား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် တန်းတူညီမျှသည့် အခွင့်အရေး ရှိသည် ဆိုသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု စံချိန်စံညွှန်း တန်ဖိုးများကို ပိုင်ဆိုင်သည်။

၅။ ဇိုဂမ်၏ အချုပ်အခြာအာဏာ သည် ယင်းနယ်မြေပေါ်တွင် မှီတင်းနေထိုင်သည့် ပြည်သူလူထု ထံမှ ဆင်းသက်သည်။ ဇိုဂမ် ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်သည့် ဇိုဂမ် လွှတ်တော်သည် ဇိုဂမ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဇိုဂမ်နှင့် ဆက်ဆိုင်သော အရေးအရာ မှန်သမျှကို ဥပဒေပြု ပြဋ္ဌာန်းမည် ဖြစ်ပြီး၊ ဇိုဂမ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီ ရွေးကောက် တင်မြှောက်ခံရသည့် ဇိုဂမ် အစိုးရသည်သာ အုပ်ချုပ်ရေးအာဏာ ရရှိမည် ဖြစ်သည်။ ဇိုဂမ် လွှတ်တော် ဖွဲ့စည်းရေးသည် ၂၀၁၉ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇိုမီး ညီလာခံမှ ထုတ်ပြန်သည့် ကွာလာလမ်ပူ ကြေညာစာတမ်းကို အခြေခံခြင်း ဖြစ်ပြီး၊ ဇိုဂမ် ပဋိညာဉ် အတိုင်း အကောင်အထည်ဖော်ဆောင်မည် ဖြစ်သည်။ ဇိုဂမ် အရေးနှင့်ပတ်သက်သည့် အရေးရာ အားလုံးနှင့် ပတ်သက်၍ ပြည်သူအများစု၏ ဆန္ဒကို အခြေခံသည့်အပြင် လူနည်းစု၏ အခွင့်အရေးကို လေးစားသွားမည် ဖြစ်သည်။

၆။ ဇိုဂမ်နှင့် ဇိုမီးလူမျိုးတို့၏ အခြေခံ ရပိုင်ခွင့်နှင့် အခွင့်အာဏာ ပိုင်ဆိုင်မှုသည် နိုင်ငံတကာ၏ အသိအမှတ်ပြုခြင်း ခံရသော ဌာနေတိုင်းရင်းသားများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရ တန်းတူ အခွင့်အရေး ရှိသည်။

၇။ ဇိုဂမ် အတွင်းရှိ မြေပေါ်မြေအောက်၊ သက်ရှိသက်မဲ့ သဘာဝ သယံဇာတများ၊ သစ်ပင်ပန်းမန်များ၊ တိရစ္ဆာန်များနှင့် နေထိုင်သက်ရှင်နေကြသည့် လူသားအားလုံးနှင့် စပ်ဆိုင်သော ကိစ္စအဝဝ အတွက် ဇိုမီး လူမျိုးအဖြစ် အသိအမှတ်ပြု သတ်မှတ်ခြင်း ခံထားရသည့် ပြည်သူလူထုနှင့်သာ အကြွင်းမဲ့ သက်ဆိုင်သည်။

၈။ ဇိုဂမ် မြေပေါ်တွင် မှီတင်းနေထိုင်ကြသည့် ပြည်သူတိုင်းတွင်၊ တစ်ပါးသူများ၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို မထိပါးသရွေ့ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ ရိုးရာ ဓလေ့ထုံးတမ်းများနှင့် အညီ နေထိုင်ခွင့်၊ ဥစ္စာဓနလွတ်လပ်စွာ ရှာဖွေခွင့်နှင့် ပိုင်ဆိုင်ခွင့်ဆိုသည့် အခြေခံ လွတ်လပ်ခွင့်များ အပြည့်အဝ ရှိသည်။ ဇိုဂမ် အတွင်း မှီတင်းနေထိုင်သည့် ပြည်သူများသည် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး အားလုံးတွင် ဇိုဂမ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးခွင့် ရှိသည်။

၉။ ဤ ဇိုဂမ် ပဋိညာဉ်ကို လက်တွေ့ အကောင်အထည်ဖော်ခြင်းသည်၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိသည့် အချိန်မှစ၍ ဇိုမီး တိုင်းရင်းသားတို့၏ ရသင့်ရထိုက်သော ဖယ်ဒရယ် ဒီမိုကရေစီ တန်ဖိုးများနှင့် အညီ ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်တခု အဖြစ် ရပ်တည်ကာ၊ ဖက်ဒရယ် ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့် အညီ ဖယ်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းနိုင်ရေး အတွက် ကြိုးပမ်း အားထုတ်မှု ဖြစ်သည်။

၁၀။ ဖက်ဒရာယ် ဒီမိုကရေစီ စနစ်ကို ကျင့်သုံးသော ဖက်ဒရာယ် ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း၊ ဇိုဂမ် ကြေငြာ စာတမ်းနှင့် ဇိုဂမ် ပဋိညာဉ်အား အခြေပြုသည့် ဖက်ဒရိတ်တက် ဇိုဂမ် ပေါ်ထွန်းလာပါစေကြောင်း အသက်ရှင်တော်မူသော ထာဝရ ဘုရားသခင်ထံသို့ ဆုတောင်းအပ်နံလျှက်၊ ဤ ဇိုဂမ် ကြေငြာစာတမ်းနှင့် ဇိုဂမ် ပဋိညာဉ်အား ကြေငြာလိုက်သည်။

**ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ**

# ဗိုဂမ် ပဋိညာဉ်

## အခန်း - တစ်

### နိဒါန်း

ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု နိုင်ငံတော် တစ်ရပ် ပေါ်ပေါက်လာ ရေးအတွက်၊ ဇိုမီး တိုင်းရင်းသား ပြည်သူ တရပ်လုံး ကိုယ်စား၊ တိုင်းပြည်နှင့် လူမျိုးအတွက် တာဝန်ယူ တာဝန်ခံမှု အပြည့်ဖြင့်၊ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီမှ အောက်ပါ အတိုင်း ဗိုဂမ် ပဋိညာဉ်ကို ရေးဆွဲ အတည်ပြု ပြဋ္ဌာန်းခြင်း ဖြစ်သည်။ ဤ ဗိုဂမ် ပဋိညာဉ်သည် ဖက်ဒရယ် ပြည်ထောင်စု အတွင်းတွင် ဖက်ဒရိတ်တက် နယ်မြေတခု အဖြစ် ဗိုဂမ် ရပ်တည်နိုင်ရေး ရည်မှန်းချက် ပန်းတိုင်နှင့် အညီ၊ ဗိုဂမ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် အခြေခံရမည့် အခြေခံမူများနှင့် ဇိုမီး တိုင်းရင်းသား ပြည်သူလူထု တရပ်လုံး၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများကို ချမှတ် ရေးဆွဲထားသည့် အခြေခံ အုတ်မြစ် ဖြစ်သည်။

ဗိုဂမ် ကြေညာစာတမ်းတွင် ထည့်သွင်း ဖော်ပြထားသော ဗိုဂမ် နှင့်၊ ထို ဗိုဂမ် နယ်မြေဒေသ အတွင်း မှီတင်း နေထိုင် ကြသော ဇိုမီး ပြည်သူများသည် မြန်မာနိုင်ငံ အတွင်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အသီးသီး ရှိသည့် ဖက်ဒရယ် ပြည်နယ်များနှင့်၊ ယင်း ပြည်နယ်များ အတွင်း နေထိုင်သည့် ပြည်သူများနှင့် တန်းတူ အခြေခံ ရပိုင်ခွင့် အားလုံး ရှိသည်ဟု ဤ ဗိုဂမ် ပဋိညာဉ်မှ ခံယူသည်။

## အခန်း - နှစ်

### ရည်ရွယ်ချက်

၁။ ဗိုဂမ် အတွင်း လက်နက်အားကိုး နိုင့်ထက်စီးနင်း နိုင်ငံရေး အာဏာ သိမ်းယူခြင်းနှင့် ပြည်သူလူထု အပေါ် ညှင်းပန်း နှိပ်စက်ခြင်းများ လုံးဝ ပပျောက်ရေး နှင့် ထပ်မံ မပေါ်ပေါက်လာရေး၊ ဗိုဂမ် ပြည်သူလူထု၏ အခြေခံ လူ့အခွင့်အရေးများ အစဉ်တည်တံ့ခိုင်မြဲ စေရန်အတွက် ဤ ဗိုဂမ် ပဋိညာဉ်ကို အတည်ပြုပြဋ္ဌာန်း လိုက်သည်။

၂။ ဇိုဂမ် အတွင်း ပြည်သူ့ လုံခြုံရေး နှင့် ကာကွယ်ရေး အဖွဲ့အစည်းများ ဖြစ်သော လက်နက်ကိုင် စစ်တပ်နှင့် ရဲတပ်ဖွဲ့များမှ၊ ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သော အစိုးရအဖွဲ့၏ လက်အောက်တွင် သစ္စာခံပြီး၊ ပြည်သူ့ဝန်ထမ်း လက်နက်ကိုင် တပ်ဖွဲ့များ၏ လိုက်နာရန် ပြဌာန်းထားသော စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာခြင်း၊ လူ့တန်ဖိုးနှင့် လူသားဂုဏ်သိက္ခာကို လေးစားလိုက်နာခြင်း ပြုရန် ဤ ဇိုဂမ် ပဋိညာဉ်ကို ရေးဆွဲ ပြဌာန်း လိုက်သည်။

၃။ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု အတွင်း ဒီမိုကရေစီ ယဉ်ကျေးမှု ထွန်းကားပြီး လူ့အခွင့်အရေးနှင့် ဌာနေ တိုင်းရင်းသား အခွင့်အရေး အပြည့်အဝ ကျင့်သုံးသည့်၊ ကိုယ်ပိုင် အခွင့်အရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့် ရရှိသော ဖက်ဒရိတ်တက် နယ်မြေ တခု အဖြစ် ရပ်တည် နိုင်ရန် ဇိုဂမ် ပဋိညာဉ်ကို ရေးဆွဲပြဌာန်း သည်။

၄။ ဇိုဂမ် အစိုးရနှင့် ပြည်ထောင်စု အစိုးရ အကြား ပူးပေါင်းဆက်ဆံရာတွင်၊ နိုင်ငံရေးအာဏာ ခွဲဝေခြင်း၊ အခွန်ဘဏ္ဍာ ခွဲဝေခြင်း၊ ဖက်ဒရယ် ဘဏ္ဍာ ခွဲဝေခြင်း၊ သယံဇာတ အရင်းအမြစ် ခွဲဝေခြင်း တို့ကို ဇိုမီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လိုက်နာ ကျင့်သုံးနိုင်ရန် အတွက် ဇိုဂမ် ပဋိညာဉ်ကို ရေးဆွဲပြဌာန်း သည်။

၅။ ခေတ်အဆက်ဆက် အာဏာရှင် လက်အောက်တွင် ဇိုမီး တိုင်းရင်းသားတို့ အပေါ် ကျင့်သုံးခဲ့သည့် သွေးခွဲ ဆက်ဆံရေး အုပ်ချုပ်မှု စနစ်ကြောင့် ဖြစ်ပေါ် ခဲ့သော၊ ညီနောင်သားချင်းများ အကြား မျိုးနွယ်စု များစွာအဖြစ် စိတ်ဝမ်းကွဲခဲ့ရမှုများကို သမိုင်းသင်ခန်းစာ ယူ၍ ဇိုမီး ဟူသည့် လူမျိုး တစ်မျိုး အနေဖြင့် ပြန်လည်သွေးစည်း ညီညွတ်ရေး အတွက် ဇိုဂမ် ပဋိညာဉ်ကို ခိုင်မာစွာ အတည်ပြုသည်။ လူမျိုး တကာတွင် လူမျိုး တစ်မျိုး အနေဖြင့် ဇိုမီး တိုင်းရင်းသားတို့၏ ရိုးရာ ထုံးတမ်းစဉ်လာ၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး နှင့် ရပိုင်ခွင့် အခွင့်အရေး အားလုံးကို ထိမ်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန် အတွက် ဇိုဂမ် ပဋိညာဉ်ကို ရေးဆွဲပြဌာန်း သည်။

၆။ ဇိုမီး တိုင်းရင်းသားတို့၏ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားလာစေရန်၊ ကိုယ်ပိုင် ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများကို ခိုင်မာစွာ စောင့်ထိန်း နိုင်ရန်နှင့်၊ ဇိုဂမ်တွင် လူမျိုးနှင့် ယဉ်ကျေးမှု ထွန်းကားပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်နိုင်ရန် အတွက် ဇိုဂမ် ပဋိညာဉ်ကို ရေးဆွဲပြဌာန်း သည်။

၇။ ဇိုမီး တိုင်းရင်းသားများ အတွင်းတွင် အမှန်တရား ထွန်းကား၍၊ ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်း၊ ဥပဒေ လေးစားလိုက်နာမှု ရှိခြင်း များကို၊ ယဉ်ကျေးသည့် လူ့ဂုဏ်သိက္ခာ ရှိသော လူမျိုး တစ်မျိုး အနေဖြင့် ရပ်တည် စောင့်ထိန်းနိုင်ရန် အတွက် ဇိုဂမ် ပဋိညာဉ်ကို ချမှတ်ရေးဆွဲ ပြဌာန်း သည်။

## အခန်း - သုံး

## ပဋိညာဉ် ပြဋ္ဌာန်းခြင်း

အခန်း - နှစ် တွင် ချမှတ် ရေးဆွဲထားသော ပြဋ္ဌာန်းချက်များ လက်တွေ့ အကောင်အထည် ဖော်လာနိုင်ရန် အတွက်၊

၁။ ဤ ဇိုဂမ် ပဋိညာဉ်သည် တောင်ပေါ်မြေပြန့် ပြည်တွင်းပြည်ပ တွင်ရှိသည့် ဇိုမီး လူမှုရေး အဖွဲ့အစည်းများ၊ လက်နက်ကိုင် တပ်ဖွဲ့များ၊ နိုင်ငံရေး ပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများ အပေါ်တွင် အခြေခံသည်။

၂။ ဤပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များ အားလုံးကို အကောင်အထည် ဖော်ဆောင်လာနိုင်ရေး အတွက် ဇိုမီး လူမျိုးတိုင်း၏ တာဝန်နှင့် ဝတ္တရား ဖြစ်သည်။

၃။ ဇိုဂမ်သည် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတွင် ဖက်ဒရိတ်တက် ပြည်နယ် တခု အဖြစ် ရပ်တည်နိုင်အရေး အတွက် ဇိုဂမ် ဖွဲ့စည်းပုံ အခြေခံဥပဒေ တရပ် မပေါ်လာ မခြင်း၊ ဤ ဇိုဂမ် ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာရန်ဖြစ်ပြီး၊ လိုအပ်သည့် အချက်များအား ပြန်လည်ဖြည့်စွက် ပြင်ဆင်ခြင်း များကို ဆောင်ရွက်မည် ဖြစ်သည်။

## အခန်း - လေး

## ဖွဲ့စည်း တည်ဆောက်ပုံ

၁။ မြန်မာ နိုင်ငံတွင် တပ်မတော်မှ လက်နက်အားကိုးဖြင့် နိုင်ငံတော်အာဏာ သိမ်းမှုကြောင့် အုပ်ချုပ်ရေးယန္တရား ပျက်ပြား၍၊ ခိုင်မာသည့် အစိုးရတစ်ရပ် ရပ်တည်နိုင်ခြင်း မရှိသဖြင့်၊ ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သော ဇိုဂမ် ခေါင်းဆောင်များ မရှိသေးသည့် ကြားကာလ အတွင်းတွင်၊ ဇိုဂမ်နှင့် ဇိုမီး လူမျိုး အရေးကိစ္စ ဟူသမျှကို တာဝန်ယူ တာဝန်ခံရန် အတွက်၊ ဇိုမီး ပြန်လည်သွေးစည်းညီညွတ်ရေး အဖွဲ့ချုပ်သည် ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ ကို ဖွဲ့စည်း လိုက်သည်။

၂။ ပြည်သူလူထုမှ အတည်ပြု ပြဌာန်းလိုက်သည့် ဇိုဂမ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပြည်သူလူထုမှ ရွေးချယ်တင်မြောက်သည့် ဇိုဂမ် အစိုးရ ပေါ်ပေါက် မလာမခြင်း၊ ဇိုဂမ် နှင့် ဇိုမီး လူမျိုး အရေးကိစ္စ ဟူသမျှကို ဇိုမီး နိုင်ငံရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ မှ ရှေ့ဆောင်ဦးရွက်ပြု တာဝန်ယူ ဆောင်ရွက်မည် ဖြစ်သည်။ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီမှ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပါတီနိုင်ငံရေး နှင့် လူပုဂ္ဂိုလ် ဘက်လိုက်ခြင်း အလျင်းမရှိပဲ ဇိုမီး တမျိုးသားလုံး၏ ဘုံအကျိုးကျေးဇူးကိုသာ ထောက်ရှုကာ လုပ်ကိုင် ဆောင်ရွက်ရမည်။

၃။ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီတွင် ဇိုမီး လူမျိုး အတွင်းရှိ အရပ်ဘက် အဖွဲ့အစည်း ခေါင်းဆောင်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ နိုင်ငံရေး ပါတီ ခေါင်းဆောင်များ၊ လူငယ် အဖွဲ့အစည်း ခေါင်းဆောင်များ၊ မျိုးချစ်စိတ်ဓာတ် ပြည့်ဝသည့် ခေတ်ပညာတတ်များ လူကြီးသူမများ ပူးပေါင်းပါဝင် နိုင်သည်။

၄။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုနှင့် ပြည်ထောင်စု အစိုးရ ပေါ်ပေါက်လာခြင်း မရှိမီ၊ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီသည် အောက်ပါအတိုင်း လုပ်ငန်းဌာန အသီးသီးကို ဖွဲ့စည်း တည်ဆောက်ကာ ခန့်အပ် တာဝန်ပေး ရမည်။

(က) ဖက်ဒရာယ် ရေးရာ ဌာန

(ခ) ဥပဒေ ရေးရာ ဌာန

(ဂ) တရားစီရင်ရေး ဌာန

(ဃ) အထွေထွေ အုပ်ချုပ်ရေး ဌာန

(င) ဘဏ္ဍာရေး ဌာန

(စ) စည်းရုံးရေး နှင့် ပြည်သူ့ ဆက်ဆံရေး ဌာန

(ဆ) သတင်းနှင့် ပြန်ကြားရေး ဌာန

(ဈ) ကာကွယ်ရေး ဌာန

စသည်တို့ ဖြစ်သည်။

၅။ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို ဦးဆောင်ကော်မတီဝင်များ အဖြစ် ဥက္ကဌ၊ အမှုဆောင် အရာရှိချုပ်နှင့် လုပ်ငန်းဌာနဆိုင်ရာ ဌာနမှူးများဖြင့် ဖွဲ့စည်း၍၊ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းစီမံချက် အသီးသီးတို့နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။

၆။ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ ဦးဆောင်ကော်မတီဝင်များသည် ဆုံးဖြတ်ချက် ချနိုင်သည့် ဆန္ဒမဲ တစ်ပြားစီ ပိုင်ဆိုင်ကြပြီး၊ ဒီမိုကရေစီအရ ဆုံးဖြတ်ချက် ချရမည် ဖြစ်သည်။ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ အတွင်း ဆန္ဒမဲဖြင့် မဆုံးဖြတ်နိုင်သည့် ကိစ္စရပ်များ ပေါ်ပေါက်လာခြင်း၊ သို့တည်းမဟုတ် အငြင်းပွားဖွယ်ရာ ပြဿနာတစ်ရပ်ရပ် ရှိလာသည့်အခါ ဥက္ကဌ၏ အဆုံးအဖြတ်မဲဖြင့် အတည်ပြုမည် ဖြစ်သည်။

၇။ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီသည် ဖက်ဒရိုတ်တက် ဇိုဂမ် ပေါ်ပေါက်လာရေးနှင့် ဖက်ဒရိုတ်တက် ဇိုဂမ် အစိုးရတရပ် ဖွဲ့စည်းနိုင်ရေးအတွက် တာဝန်ယူရမည်။

## အခန်း - ငါး

## လုပ်ငန်းစဥ် လမ်းပြမြေပုံ

၁။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်လာရေးနှင့် ဤ ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များ လက်တွေ့ အကောင်အထည် ဖော်ဆောင်နိုင်ရေး အတွက် ရည်မှန်းချက်တူညီသော၊ သို့တည်းမဟုတ် သဘောတူ ထောက်ခံသည့် အမျိုးသား ညီညွတ်ရေး အစိုးရနှင့် ဖြစ်စေ၊ အခြားပြည်တွင်းပြည်ပမှ အစိုးရများ အပါအဝင် အဖွဲ့အစည်းအသီးသီးနှင့် လက်တွဲဆောင်ရွက် သွားနိုင်မည်။

၂။ ဖက်ဒရယ် ပြည်ထောင်စုအတွင်း မိမိတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရရှိသော ဖက်ဒရယ်နယ်မြေ တခုအဖြစ် ရပ်တည်နိုင်ရန် ဆောင်ရွက်သွားမည်။

၃။ ဖက်ဒရိုတ်တက် ဇိုဂမ် ပေါက်ပေါက်လာရေးအတွက် ပံ့ပိုးကူညီ လက်တွဲလိုသော မည်သည့် အဖွဲ့အစည်း၊ လူမျိုးများ၊ လူပုဂ္ဂိုလ်များနှင့် မဆို လက်တွဲ ဆောင်ရွက်သွားမည်။

၄။ ဖက်ဒရိုတ်တက် ဇိုဂမ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဇိုဂမ် ပြည်သူလူထု၏ ဆန္ဒခံယူပွဲတွင် အရွယ်ရောက်ပြီး မဲပေးနိုင်သူ အများစု ထောက်ခံမှုဖြင့် အတည်ပြု ပြဋ္ဌာန်းမည်။

၅။ ဖက်ဒရိတ်တက် ဇိုဂမ် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကို တာဝန်ယူ ဆောင်ရွက်မည့် အစိုးရတစ်ရပ် ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်း ဆောင်ရွက်မည်။

၆။ ဖက်ဒရိတ်တက် ဇိုဂမ် အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့ရွာဒေသ တို့၏ အုပ်ချုပ်ရေးစနစ်ကို ပြန်လည်စိစစ် ရေးဆွဲချမှတ်ခြင်း၊ နယ်နမိတ်များအား ပြန်လည်စိစစ် အတည်ပြုခြင်းကို ဆောင်ရွက်မည် ဖြစ်သည်။

၇။ ဇိုဂမ် ဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်စိစစ် ရေးဆွဲခြင်း၊ ဖက်ဒရိတ်တက် ဇိုဂမ်၏ အနာဂတ်အတွက် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် မူဝါဒများ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ငန်းစဉ်များကို ရေးဆွဲ ချမှတ်ခြင်းများအား ဆောင်ရွက်သွားမည်။

## အခန်း - ခြောက်

### ကာကွယ်ရေး

၁။ ဇိုဂမ် ကာကွယ်ရေးအတွက် အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့တရပ်တည်းသာ ဖွဲ့စည်း ထားရှိရမည်။

(က) ဇိုမီး တော်လှန်ရေး တပ်မတော် (အရှေ့ပိုင်းတိုင်း)ကို ဇိုဂမ် ကာကွယ်ရေး တပ်မတော် အဖြစ် ဤ ဇိုဂမ် ပဋိညာဉ်မှ အတည်ပြုသည်။

(ခ) ရပ်ရွာကာကွယ်ရေး၊ ပြည်သူ့ဘဝလုံခြုံရေး နှင့် ဇိုမီး တော်လှန်ရေး တပ်မတော်အား ကူညီ ထောက်ပံ့မည့် အရံတပ်မတော်၊ ဇိုမီး အမျိုးသားပြည်သူ့စစ်ကို ဖွဲ့စည်း တည်ထောင်ထားပြီး ဖြစ်သည်။ ဇိုမီး တော်လှန်ရေး တပ်မတော်နှင့် ဇိုမီး အမျိုးသားပြည်သူ့စစ် တို့သည် စစ်ဦးစီးချုပ် တစ်ဦးတည်း၏ ကွပ်ကဲမှု အောက်တွင် ရှိရမည်။

(ဂ) ဇိုမီး တော်လှန်ရေး တပ်မတော် စစ်ဦးစီးချုပ်သည် ဇိုမီး ပြည်သူလူထု ကို သစ္စာ ခံရမည်။

(ဃ) ပြည်သူလူထု ရွေးချယ်တင်မြှောက်သည့် ဖက်ဒရိတ်တက် ဇိုဂမ် အစိုးရအဖွဲ့ မပေါ်ပေါက်ခင် အချိန်ကာလ အတွင်းတွင် စစ်ဦးစီးချုပ်သည် ဇိုမီး နိုင်ငံရေးငင်ရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ မူဝါဒများနှင့် ဆုံးဖြတ်ချက်များအား ဦးထိပ်ထားကာ ဇိုဂမ် နှင့် ဇိုမီး ပြည်သူလူထုအား ကာကွယ် စောင့်ရှောက် ရမည်။

၂။ ဇိုဂမ် အတွင်းတွင် ဇိုမီးတော်လှန်ရေး တပ်မတော်နှင့် ဇိုမီး အမျိုးသားပြည်သူ့စစ် မှတပါး အခြား လက်နက်ကိုင်အဖွဲ့အစည်း မရှိစေရန် ကြိုးပမ်းကြပ်မတ်သွားမည်။

၃။ ဇိုမီး တော်လှန်ရေး တပ်မတော်နှင့် ဇိုမီး အမျိုးသားပြည်သူ့စစ်တို့သည် ပြည်သူလူထုမှ အာဏာ အပ်နှင်းခြင်း ခံရသော သူ၏ ဦးဆောင်မှု သို့တည်းမဟုတ်၊ ပြည်သူလူထုမှ ရေးဆွဲချမှတ်သည့် ဥပဒေပြဌာန်းချက် တို့ကို လိုက်နာရန် မှလွဲ၍ အခြားသော အဖွဲ့အစည်းတရပ်ရပ်၏ ဩဇာခံ မဟုတ်ပဲ၊ မြန်မာပြည် အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တန်းတူညီမှု ရှိရမည်။

## အခန်း - ခုနစ်

## အခွန် ဘဏ္ဍာရေး

၁။ ဇိုဂမ် အရေး နှင့် ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီနှင့် စပ်ဆိုင်သည့် အခွန် ဘဏ္ဍာရေး စုဆောင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

(က) ဇိုဂမ် အရေး နှင့် ဇိုမီး အမျိုးသားရေးအတွက် ပြည်သူများ၏ ထည့်ဝင် လှူဒါန်းမှု၊ လူပုဂ္ဂိုလ် တစ်ဦးခြင်းစီ၏ ထည့်ဝင် လှူဒါန်းမှု၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ လှူဒါန်းမှု တို့ကို လက်ခံမည်ဖြစ်သည်။

(ခ) နိုင်ငံအစိုးရ တစ်ရပ်ရပ်နှင့် အသင်းအဖွဲ့အသီးသီးမှ ထည့်ဝင်လှူဒါန်းမှု တို့ကို လက်ခံသည်။

၂။ ဘဏ္ဍာရေးဌာနသည် ဇိုဂမ် ဘဏ္ဍာငွေ တိုးပွားရန် တာဝန်ရှိပြီး၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ဘဏ္ဍာတိုးပွားရေး အတွက် တာဝ န်ခံ လုပ်ကိုင်ဆောင်ရွက်ရမည်။

၃။ အခွန်ဘဏ္ဍာဆိုင်ရာ ဥပဒေများ ပြဌာန်းပြီးလျှင်၊ စည်းစနစ်ကျသော အခွန်ဘဏ္ဍာရေးဆိုင်ရာ ယန္တယားများဖြင့် ဇိုဂမ် အတွင်း ဘဏ္ဍာငွေကောက်ခံပြီး၊ ဖက်ဒရယ် ပြည်ထောင်စု အစိုးရနှင့် ဆက်သွယ်ကာ ပြည်ထောင်စု အခွန်ဘဏ္ဍာနှင့် ပြည်နယ်အခွန်ဘဏ္ဍာများအား စနစ်တကျ ညှိနှိုင်း ကိုင်တွယ် ဆောင်ရွက်ရမည်။

# အခန်း - ရှစ်

# တာဝန်ခံမှုနှင့် တာဝန်ဝတ္တရား

၁။ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိ ဌာနမှူးများသည် လုပ်ငန်းဆိုင်ရာလိုအပ်ချက်အရ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အသိအမှတ်ပြုမှုဖြင့် စီမံချက် လုပ်ငန်းနှင့် စပ်ဆိုင်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခါအားလျော်စွာ ဆက်သွယ်ဆောင်ရွက် နိုင်သည်။ ဆက်သွယ်ဆောင်ရွက်မှု များကို ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီသို့ ပြန်လည် သတင်းပို့ရမည်။

၂။ အမှုဆောင် အရာရှိချုပ်၏ ထောက်ခံမှုဖြင့် သတင်းနှင့် ပြန်ကြားရေးဌာနမှ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ ကိုယ်စား သတင်း ထုတ်ပြန်နိုင်သည်။

၃။ ဖက်ဒရိတ်တက် ဇိုဂမ် မပေါ်ပေါက်သေးခင် ကြားကာလအတွင်း၊

(က) ဇိုဂမ်၏ လုံခြုံရေးနှင့် ကာကွယ်ရေး ကဏ္ဍအရပ်ရပ်ကို ကာကွယ်ရေးဌာန သို့ တာဝန် နှင်းအပ်သည်။

(ခ) စစ်ဦးစီးချုပ် သို့မဟုတ်၊ စစ်ဦးစီးချုပ်၏ ထောက်ခံ ညွှန်ကြားချက်ဖြင့် စစ်ဆင်ရေး ဦးစီး အရာရှိချုပ်သည် အမျိုးသား ညီညွတ်ရေးအစိုးရ၏ ကာကွယ်ရေးဝန်ကြီးဌာန အပါအဝင်၊ အခြား ရည်ရွယ်ချက် တူညီသော တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများနှင့် ဖြစ်စေ၊ ဇိုဂမ် လုံခြုံရေး အတွက် နိုင်ငံ အစိုးရများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း ၊ ပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်နိုင်သည်။

(ဂ) ဖက်ဒရယ်ရေးရာနှင့် အုပ်ချုပ်ရေး လုပ်ငန်းများအား ဖက်ဒရယ်ရေးရာဌာနမှ တာဝန်ယူ ဦးဆောင် ညှိနှိုင်း ဆောင်ရွက် ရမည်။

(ဃ) ဥပဒေပြုခြင်း နှင့် တရားဥပဒေရေးရာ ကိစ္စရပ်များကို ဥပဒေရေး ရာဌာနမှ တာဝန်ယူ ဆောင်ရွက်ရမည်။

(င) ဇိုဂမ် အတွင်း ဖြစ်စေ၊ ဇိုမီး တော်လှန်ရေးတပ်မတော် အတွင်း ဖြစ်စေ၊ ဇိုမီး နိုင်ငံရေးဆိုင် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ အပါအဝင် အဖွဲ့အစည်း အသီးသီးနှင့် ဌာနအသီးသီး အတွင်း အမှန်တရား နှင့် တရားမျှတမှုရှိစေရန် တရားစီရင်ရေး ဌာနမှ တာဝန်ယူဆုံး ဖြတ် ဆောင်ရွက် ရမည်။

(စ) ဖက်ဒရိတ်တက် ဇိုဂမ် အစိုးရ မပေါ်ပေါက်သေးခင် အချိန်အတွင်း ဇိုဂမ် အတွင်းရှိ ရပ်ရွာအရေး ကိစ္စရေးရာများအား အထွေထွေ အုပ်ချုပ်ရေး ဌာနမှ လူငယ်အဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘာသာရေး ခေါင်းဆောင်များနှင့် ညှိနှိုင်းဆောင်ရွက်ကာ ဦးဆောင်မှုပေးရမည်။

(ဆ) ဇိုဂမ်ပဋိညာဉ် အပါအဝင်၊ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ အကြောင်း၊ အလုပ်ဌာန အသီးသီး၏ ဆောင်ရွက်ချက်များကို တိကျမှန်ကန်စွာ အချိန်နှင့် တပြေးညီ ပြည်သူလူထုထံ စဉ်ဆက်မပြတ် အသိပေးနိုင်ရန်အတွက် သတင်းနှင့် ပြန်ကြားရေးဌာနမှ တာဝန်ယူ ဆောင်ရွက်ရမည်။

(ဇ) ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ မူဝါဒ ရပ်တည်ချက်၊ လမ်းပြမြေပုံနှင့် လုပ်ငန်းစဉ်များ၊ ဇိုမီး တော်လှန်ရေးတပ်မတော်၏ လှုပ်ရှားမှုများကို ပြည်သူလူထု အတွင်း မှန်ကန်စွာ သိရှိနိုင်ရန်နှင့် သဘောတူ ထောက်ခံနိုင်ရန် အတွက် စည်းရုံးရေး နှင့် အသိပညာပေးရေးကို စည်းရုံးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ တာဝန်ယူ ဆောင်ရွက်ရမည်။

## အခန်း - ကိုး

## ပြင်ဆင်ချက် နှင့် အထွေထွေပြဌာန်းချက်များ

၁။ ဇိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီသည် ဇိုမီး အမျိုးသား ညီလာခံ (ဇိုမီးကွန်ဗင်းရှင်း) သို့မဟုတ်၊ ကြားဖြတ် အရေးပေါ် ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခြင်းဖြင့် ဤ ဇိုဂမ်ပဋိညာဉ်ကို ပြန်လည်သုံးသပ်ခြင်း၊ စိစစ်ခြင်း နှင့် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်သည်။

၂။ အချုပ်အခြာ အာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထု လက်ထဲသို့ ပြည်သူ့အာဏာ ပြန်လည်အပ်နှင်း နိုင်ရန် အတွက် ဗိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီသည် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက် ရမည်။

၃။ ဖက်ဒရိတ်တက် ဇိုဂမ် ပေါ်ထွန်းလာရန် ဗိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီသည် လူ့အခွင့်အရေး၊ ဒီမိုကရေစီ အခြေခံ အုတ်မြစ်များနှင့် ဖက်ဒရယ် စံနှုန်းတန်ဖိုးများကို အခြေခံ စွဲကိုင်လျက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော် ရမည်။

၄။ တောင်ပေါ်မြေပြန့် မျိုးနွယ်စု၊ ရပ်ရွာ ဒေသ၊ ဘာသာစကား၊ ကျား/မ၊ အမျိုးသမီးနှင့် ကလေးသူငယ်၊ ကိုးကွယ်ယုံကြည်ရာတို့အား အကြောင်းပြုသည့် ခွဲခြားခြင်း အလျဉ်းမရှိပဲ၊ ဇိုဂမ်နှင့် ဗိုမီး တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံးအတွက် ရှေ့ဆောင်ဦးရွက်ပြုကာ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက် ရမည်။

၅။ ပြည်သူလူထု အပေါ် အကြမ်းဖက်မှုနှင့် လက်နက်အားကိုးဖြင့် ဗိုလ်ကျစိုးမိုးခြင်းများ မဖြစ်ပေါ်စေရန် တားဆီးပိတ်ပင် ကာကွယ်ရမည်။


## အခန်း - တစ်ဆယ်

## နိဂုံးချုပ် ကတိပြုခြင်း

နောင်အနာဂတ် နေ့ရက်ကာလများတွင်၊ ဖက်ဒရိတ်တက် ဇိုဂမ်နှင့် ဗိုမီး တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံး၏ အကျိုးစီးပွားအလို့ငှာ၊ အသက်ရှင်တော်မူသော ထာဝရ ဘုရားသခင်၏ လမ်းပြပို့ဆောင်မှုကို ယုံကြည်အားကိုးလျှက်၊ ပြည်သူလူထု၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်ပြီး တရားမျှတမှုတို့ အပေါ် လေးစားစွာဖြင့်၊ ဗိုမီး နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီမှ အစေခံ ထမ်းရွက်သွား ရန်ရည်ရွယ်ကာ၊ ဤ ဇိုဂမ် ပဋိညာဉ်အား အတည်ပြုကြောင်း ကြေငြာ ကတိပြုလိုက်ပါသည်။

# ဇိုဂမ် ပျိုညာဉ်


## အတည်ပြုလက်မှတ်များ




ဥက္ကဋ္ဌ

Kaleb L.


ဖက်ဒရာယ်ရေးရာ ဌာနမှူး



ဘဏ္ဍာရေးရာ ဌာနမှူး




စစ်ဆင်ရေး ဦးစီး အရာရှိချုပ်




အကြံပေး ပုဂ္ဂိုလ်




အကြံပေး ပုဂ္ဂိုလ်



အကြံပေး ပုဂ္ဂိုလ်



အမှုဆောင် အရာရှိချုပ်




ဥပဒေရေးရာ ဌာနမှူး

Moses KT

သတင်းနှင့်ပြန်ကြားရေး ဌာနမှူး



အကြံပေး ပုဂ္ဂိုလ်



အကြံပေး ပုဂ္ဂိုလ်

P. Thang

အကြံပေး ပုဂ္ဂိုလ်